စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

# ကော်ဖီစိုက်တောင်သူများ၏ ကော်ဖီတန်ဖိုး ကွင်းဆက် တစ်လျှောက် အခွင့်အလမ်းများ



ဒေါ်ဌေးဌေးဦး

ဒု-ဦးစီးမှူး

ရက်စွဲ ၊ ၂၉.၁.၂၀၂၁

# နိဒါန်း

- တနင်္သာရီတိုင်းဒေသကြီးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တောင်ဘက် အစွန်းတွင် တည်ရှိပြီး အများစုသည် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို အလေးထား လုပ်ကိုင်ကြပါသည်။
- ရော်ဘာ၊ ဆီအုန်းနှင့် စပါးသီးနှံတို့အား အဓိကထား စိုက်ပျိုး ထုတ်လုပ်နေကြပြီး အခြားသော ဈေးကွက်ဝင် သီးနှံများကို လည်း စိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် ပြည်ပပို့ကုန်သီးနှံ တစ်ခုဖြစ်သည့် ကော်ဖီကိုလည်း တိုးချဲ့ စိုက်ပျိုးလျက်ရှိပါသည်။
- ကော်ဖီသည် နိုင်ငံတော်၏ စက်မှုကုန်ကြမ်းသီးနှံ ထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုး တိုးတက်စေရုံသာမက နိုင်ငံခြားဝင်ငွေ ရရှိစေနိုင် သည့် အတွက် တောင်သူများ ဝင်ငွေတိုးစေရန် စိုက်ပျိုးသင့်သော သီးနှံလည်းဖြစ်ပါသည်။







# နိဒါန်း

➢ ကော်ဖီစိုက်ပျိုးခြင်းဖြင့် ရာသီဥတုကို လိုက်လျောညီထွေ ဖြစ်စေသည့်အတွက် စိုက်ပျိုးသင့်သော သီးနှံတစ်မျိုး ဖြစ်ပြီး လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီ သော ရိုဘတ်စတာ ကော်ဖီမျိုးကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။

➢ ဒေသအတွင်း ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကော်ဖီစိုက်တောင်သူများ ဈေးကွက် အလားအလာ ကောင်းမွန်စေရန် အတွက် ကော်ဖီတန်ဖိုးကွင်းဆက် တစ်လျှောက် အခွင့်အလမ်းများကို လေ့လာဆန်းစစ်ရန် လိုအပ်သောကြောင့် ဤသုတေသနကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။







# တန်ဖိုးကွင်းဆက်ဆိုသည်မှာ ?

❖ တန်ဖိုးကွင်းဆက်ဆိုသည်မှာ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုအမျိုးမျိုးတို့အတွက် ထုတ်လုပ်မှု အဆင့်ဆင့် ကိုဖြတ်ကျော်၍ နောက်ဆုံးစားသုံးသူများထံ အရောက် ပေးပို့နိုင်အောင် ဆောင်ရွက်ရသည့်အဆင့်များနှင့် နောက်ဆုံး အသုံးပြုနိုင်သည့် အဆင့်သို့ ရောက်အောင် ဆောင်ရွက်ပေးရသော လုပ်ဆောင်ချက်ကွင်းဆက်များပင် ဖြစ်သည်။

(Kit et al.,2006, Kapslinky and Morris, 2000).







# ကော်ဖီတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သူများ (နမူနာပုံစံ)

1. **သွင်းအားစု တင်သွင်းသူများ**
   - မျိုးစေ့
   - ပျိုးပင်
   - ပညာပေးသင်တန်း
   - ချေးငွေ
   - နည်းပညာ
   - ဈေးကွက်သတင်း
   - တိုးချဲ့လုပ်ငန်း
2. **စိုက်ပျိုးထုတ်လုပ်သူများ**
   - စိုက်ပျိုးခြင်း/ ထုတ်လုပ်ခြင်း/ ရောင်းချခြင်း
3. **ရောင်းဝယ်ရေး အကျိုးဆောင်များ**
   - ဝယ်ယူခြင်း/ စုဆောင်းခြင်း/ ရောင်းချခြင်း
4. **ကုန်သည်များ/ ပြည်ပသို့တင်ပို့သူများ**
   - ဝယ်ယူခြင်း/ ပို့ဆောင်းခြင်း/ ဖြန့်ဖြူးခြင်း
5. **စားသုံးသူများ**
   - ဝယ်ယူခြင်း/ စားသုံးခြင်း

# သုတေသန ဆောင်ရွက်ရသည့်အကြောင်းအရင်း

- တနင်္သာရီတိုင်းဒေသကြီးသည် ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရန်အတွက် သင့်တော်သော ရာသီဥတုရှိပြီး လက်ရှိ တွင် စီးပွားဖြစ် ထုတ်လုပ်နေသော ဒေသဖြစ်ပါသည်။
- ဒေသအတွင်းရှိ ကော်ဖီစိုက်ပျိုးသည့် တောင်သူများအတွက် သွင်းအားစု ဝယ်လိုအားနှင့် ကော်ဖီ ဈေးကွက်ရောင်းလိုအားများ ရရှိရေး အတွက် လိုအပ်လျက်ရှိပါသည်။
- တန်ဖိုးကွင်းဆက် ချိတ်ဆက်မှုတွင် ပတ်သက်သော ဈေးကွက်ဆိုင်ရာ အသေးစိတ် အချက် အလက်များကို သုတေသနဆောင်ရွက်ထားမှု မရှိသေးပါ။

# သုတေသနဆောင်ရွက်ရသည့် ရည်ရွယ်ချက်

(၁) ကော်ဖီတန်ဖိုးကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများကို ရှာဖွေဖော်ထုတ်နိုင်ရန်

(၂) ကော်ဖီတန်ဖိုးကွင်းဆက်တစ်လျှောက် အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ရန်

(၃) သုတေသနပြုလုပ်မည့် ဒေသအတွင်းရှိ ကော်ဖီစိုက်ပျိုးသော တောင်သူများ၏ စီးပွားရေး အကျိုးအမြတ်များအပေါ် လွှမ်းမိုးသောအချက်များကိုရှာဖွေနိုင်ရန်

# သုတေသနမေးခွန်းများ

(၁) ကော်ဖီတန်ဖိုးကွင်းဆက်တစ်လျှောက်တွင် မည်သူများ ပါဝင်သနည်း?

(၂) ကော်ဖီတန်ဖိုးကွင်း ဆက်တစ်လျှောက် အခွင့်အလမ်းများက မည်သည့် အချက်များ ဖြစ်သနည်း?

(၃) သုတေသနပြုလုပ်မည့် ဒေသအတွင်းရှိ ကော်ဖီစိုက် တောင်သူများ၏ စီးပွားရေး အကျိုးအမြတ်များအပေါ် လွှမ်းမိုးသော အချက်များက မည်သည့် အချက်များဖြစ်သနည်း?

# သုသေတနဆောင်ရွက်မည့် ဒေသနှင့်ကာလ

- သုသေတနပြုလုပ်မည့် ဒေသသည် မြန်မာနိုင်ငံတောင်ပိုင်း ဒေသဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်း ခရိုင်၊ ဘုတ်ပြင်းမြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ပထဝီအနေအထားအရ ဘုတ်ပြင်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၁°၁၅' မှ၁၁°၂၅'နှင့် အရှေ့လောင်ဂျီတွဒ် ၉၈°၄၅' မှ ၉၈°၇၅' အထိရှိသည်။
- ဤဒေသကို လေ့လာရန်ဧရိယာအဖြစ် ရွေးချယ်ရခြင်းမှာ ကော်ဖီစိုက်ပျိုးရေးအတွက် သဘာဝပတ်ဝန်းကျင် အခြေအနေပေးပြီး တိုင်းဒေသကြီးအတွင်း ကော်ဖီစိုက်ဧက အများဆုံး မြို့နယ်ဖြစ်သည့်အတွက် ရွေးချယ်ရခြင်း ဖြစ်ပါသည်။
- **ဤသုတေသနအား ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။**

# သုတေသနဆောင်ရွက်မည့် ဒေသ





Source: Myanmar Information Management Unit (MIMU)

# သုတေသနဆောင်ရွက်မည့် ပုံစံအဆင့်ဆင့်

## ဒေတာအမျိုးအစားများနှင့်စုဆောင်းခြင်းနည်းလမ်းများ

- ❖ ဒေတာကောက်ယူရာတွင် primary and secondary အချက်အလက် အမျိုးအစားများကို ကောက်ယူသွားမည် ဖြစ်ပါ သည်။
- ❖ အခြေခံအချက်အလက်များကို စနစ်တကျ စစ်ဆေးထားသော မေးခွန်းလွှာကို အသုံးပြု၍ ပါဝင်ဆောင်ရွက်မည့် သူများနှင့်အတူ လုပ်ကွက်ငယ် တောင်သူများထံမှ အကြိုစစ်တမ်း ကောက်ယူသွားမည် ဖြစ်သည်။
- ❖ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အဓိကကျသော သတင်းပေးသူနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် ကိုယ်တိုင်လေ့လာခြင်းများ ကိုလည်း ပြုလုပ်သွားမည်ဖြစ်ပါသည်။

# ဒေတာအမျိုးအစားများနှင့်စုဆောင်းခြင်းနည်းလမ်းများ

- **Primary data** ကောက်ယူရာတွင် ကော်ဖီ စိုက်ပျိုးရေး အလားအလာ မြင့်မားမှုအပေါ် အခြေခံ၍ ဘုတ်ပြင်းမြို့နယ်၊ ကျေးရွာ(၈)ရွာမှ တောင်သူဦးရေ (၁၂၀)ဦးနှင့် ကွင်းဆက်တစ်လျှောက်ရှိ ပါဝင်ပတ်သက်သူ (၃၀)ဦး စုစုပေါင်း (၁၅၀)ဦးအား ကျဘမ်းနမူနာနည်းစနစ်ဖြင့် ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။
- **Secondary data** ကောက်ယူရာတွင် သုတေသနအတွက်အသုံးဝင်သည့် အချက်အလက် များ၊ ပိုမိုအကျိုးစီးပွား ရရှိစေမည့် သတင်းအချက်အလက်များအား **စိုက်ပျိုးရေးဦးစီးဌာန၊ ဂျာနယ်များနှင့် အင်တာနက်** တို့မှ ရယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# ဒေတာအမျိုးအစားများနှင့်စုဆောင်းခြင်းနည်းလမ်းများ

## Primary data ကောက်ယူမည့်အချက်အလက်ပုံစံ

| သွင်းအားစု တင်သွင်းသူများ | စိုက်ပျိုးထုတ်လုပ်သူများ | ရောင်းဝယ်ရေး အကျိုးဆောင်များ | ကုန်သည်များ/ ပြည်ပပို့သူများ | စားသုံးသူများ |
|---|---|---|---|---|
| အသက် | အသက် | အသက် | အသက် | အသက် |
| ကျား/မ | ကျား/မ | ကျား/မ | ကျား/မ | ကျား/မ |
| ပညာအရည်အချင်း | ပညာအရည်အချင်း | ပညာအရည်အချင်း | ပညာအရည်အချင်း | ပညာအရည်အချင်း |
| လုပ်ငန်းအတွေ့အကြုံ | လုပ်ငန်းအတွေ့အကြုံ | လုပ်ငန်းအတွေ့အကြုံ | လုပ်ငန်းအတွေ့အကြုံ | အတွေ့အကြုံ |
| သွင်းအားစုအမျိုးအစား | စိုက်ပျိုးဧက | ချေးငွေရရှိမှု | ချေးငွေရရှိမှု | ကြိုက်နှစ်သက်မှု |
| ချေးငွေရရှိမှု | အလုပ်သမား/ပိုင်ရှင် | ရင်းနှီးမြှုပ်နှံမှု | ရင်းနှီးမြှုပ်နှံမှု | ဝယ်ယူသည့်နေရာ |
| ရင်းနှီးမြှုပ်နှံမှု | ထုတ်လုပ်မှုကုန်ကျစရိတ် | ဝင်ငွေ | ဝင်ငွေ | ဝင်ငွေ |
| ဝင်ငွေ | ဝင်ငွေ | ဈေးကွက် | သယ်ယူပို့ဆောင်ခြင်း | |
| | ချေးငွေရရှိမှု | | | |
| | အကျိုးအမြတ် | | | |

# အားသာချက်၊အားနည်းချက်၊အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများကို ဆန်းစစ်ခြင်း (SWOTဆန်းစစ်မှု)

❖ ကော်ဖီတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းဖိုးကွင်းဆက် တစ်လျှောက် ပါဝင်ပတ်သက်သူများ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို သိရှိနိုင်ရန် (SWOT Analysis) ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| ပါဝင်သူများ | အားသားချက် | အားနည်းချက် | အခွင့်အလမ်းများ | စိန်ခေါ်မှုများ |
|---|---|---|---|---|
| သွင်းအားစု တင်သွင်းသူများ | | | | |
| ကော်ဖီစိုက်ပျိုးသည့်တောင်သူများ | | | | |
| ကော်ဖီရောင်းဝယ်ရေးအကျိုးဆောင်များ | | | | |
| ကုန်သည်များ(သို့)ပြည်ပသို့တင်ပို့သူများ | | | | |
| စားသုံးသူများ | | | | |

# ဒေတာအချက်အလက်များအား ဆန်းစစ်ခြင်း

- ကော်ဖီတန်ဖိုး ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများ၏ အချက်အလက်များကို ပျမ်းမျှတန်ဖိုး၊ ရာခိုင်နှုန်းများဖြင့် ကောက်ယူတွက်ချက်သွားမည်ဖြစ်ပါသည်။
- ဈေးကွက်နှင့်ကုန်သွယ်မှုဆိုင်ရာ ဝိသေသလက္ခဏာများ၊ အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများ၊ ကြားခံများ၏ အခန်းကဏ္ဍနှင့် တန်ဖိုး ကွင်းဆက်တစ်လျှောက် အခိက အခွင့်အလမ်းများ ကို ကောက်ယူ ဖော်ထုတ်သွားမည်ဖြစ်ပါသည်။
- စုဆောင်းထားသည့် အချက်အလက်များကို စစ်ဆေးရန် Microsoft Excel ကိုအသုံးပြုသွားမည်ဖြစ်ပါသည်။

# သုတေသနတွင် ပါဝင်ဆောင်ရွက်မည့်သူများ

| စဉ် | အမည် | ရာထူး | တာဝန်ကျဒေသ |
|---|---|---|---|
| ၁။ | ဦးညွန့်ဝင်း | မြို့နယ်ဦးစီးမှူး | ဘုတ်ပြင်းမြို့နယ် |
| ၂။ | ဒေါ်ငွေးငွေးဦး | ဒု-ဦးစီးမှူး | တိုင်းဦးစီးမှူးရုံး |
| ၃။ | ဒေါ်ဆောင်းစန္ဒာအောင် | ။ | ။ |
| ၄။ | ဒေါ်ခိုင်ခိုင်ဦး | လ/ထဦးစီးမှူး | ။ |
| ၅။ | ဒေါ်မြတ်သီရိဟန် | ။ | ။ |

# သုတေသနအပေါ် မျှော်မှန်းရလဒ်များ

- ကော်ဖီတန်ဖိုး ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများ၊ အခွင့်အလမ်းများ၊ သုတေသနပြုလုပ်မည့် ဒေသအတွင်းရှိ ကော်ဖီစိုက် တောင်သူများ၏ စီးပွားရေး အကျိုးအမြတ်များအပေါ် လွှမ်းမိုးသော အချက်များကို ရှာဖွေဖော်ထုတ်နိုင်ခြင်း
- ဒေသအတွင်းရှိ တောင်သူများ ကော်ဖီတိုးချဲ့ စိုက်ပျိုးခြင်းဖြင့် စီးပွားရေး တွက်ချေကိုက်လာနိုင်သည့်အပြင် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ခြင်း
- ဤလေ့လာမှုမှ ရရှိသော အချက်အလက်များကို အခြေခံ၍ ကော်ဖီကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သုတေသနများ ဆက်လက်ဆောင်ရွက်လာနိုင်ခြင်း

# သုတေသန ခန့်မှန်းကုန်ကျစရိတ်

| စဉ် | အကြောင်းအရာ | ကုန်ကျစရိတ် | မှတ်ချက် |
|---|---|---|---|
| ၁။ | အကြိုစစ်တမ်းကောက်ယူခြင်း | ၅၀၀,၀၀၀ | |
| ၂။ | အဓိကစစ်တမ်းကောက်ယူခြင်း | ၁,၅၀၀,၀၀၀ | |
| | **စုစုပေါင်း** | **၂၀,၀၀၀,၀၀၀** | |




# အကြံပြုဆွေးနွေးချက်များကို နွေးထွေးစွာ ကြိုဆိုပါသည်။

